## ၁။ ခေါင်းမဲဆစ်ပိုး

**Dark-headed Striped borer: *Chilo polychrysus* (Meyrick, 1932)**

**Lepidoptera: Pyralidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ကြီး(အထီး)၏အတောင်မှာ(၂၀-၃၀)မှလီမီတာရှည်ပြီးအမထက် အနည်းငယ်ပိုကြီးသည်။အရှေ့အတောင်မှာဝါညိုရောင်ရှိပြီးအနက်ရောင်အမှုန်အပြောက်လေးများနှင့်အနားတွင်အနက်စက်များရှိသည်။နောက်အတောင်မှာအဖြူရောင်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်များသည် ပင်စည် အတွင်းဝင်ရောက် စားသောက်သောကြောင့် အူပုတ် လက္ခဏာများတွေ့ရပါသည်။ အထူးသဖြင့် အဆစ်ပိုင်းများအား တိုက်ခိုက် သော ကြောင့်

ကြီးထွားမှု့အားနည်းကာ အပင်များပုကွကာ ဆက်လက်မကြီးထွားနိုင်တော့ပါ။ အရွက်များတွင် ပုံသဏ္ဍာန် မမှန်ခြင်းများတွေ့နိုင်ပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - (၅) ရက် |
| လောက်ကောင် အဆင့် | - (၃၀ - ၃၅) ရက် |
| ရုပ်ဖုံး အဆင့် | - (၆ - ၉) ရက် |
| အကောင်ကြီး အဆင့် | - (၂ - ၄) ရက် |

**ဘက်စုံကာကွယ်ကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ရိတ်သိမ်းချိန်တွင် မြေကြီးနှင့် ကပ်ပြီး ရိတ်ရန်၊ ရိုးပြတ်များမီးရှို့ပါ။

(၂)ပင်ကြွင်း ပင်ကျန်များကို ထယ်ထိုးထွန်မွှေပြီး နွေထယ် ရေးခံခြင်း(သို့) ထယ်ရေး နက်နက်ထွန်ပြီး ရေလွှမ်းပါ။

(၃)သဘာဝမိတ်ဆွေပိုးများထိန်းသိမ်းစေရန် ကန်သင်းပေါ်တွင် အဝါရောင်၊ အဖြူရောင် ပွင့်သောပန်းပင်များစိုက်ပျိုးပါ။ (ရုံးပတီ၊နေကြာ၊ ချွေးသေးပန်း၊ဘိစပ်ပင်)

(၄)ရွှေ့ပြောင်းစိုက်ပြီး (၁)လခန့်မှစတင်၍ တစ်ကွင်းတစ်စပ်တည်း အပတ်စဉ်ငါးကြိမ် မီးထောင်ချောက် ထွန်းပါ။

(၅)စိုက်ခင်းအတွင်း ပိုးကျရောက်မှု့ကို အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ် စစ်ဆေးပါ။

(၆) ရွှေ့ပြောင်းမစိုက်မီ (၇–၁၀)ရက်အလိုတွင် ပျိုးခင်းတွင် ဖစ်ပရိုနေး ၃ဂျီအာ(Fipronil 3GR) ထည့်ပါ။

(၇)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက် ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ကာတက် ဟိုက်ဒရိုကလိုရိုက် (Cartap hydrochloride)
- အဆီဖိတ် (Acephate)
- ဖလူဗန်ဒိုင်ယာမိုက် (Flubendiamide)